# မြန်မာ သတင်းလွှာ

A month-in-review of events in Burma

ALTERNATIVE ASEAN NETWORK ON BURMA
campaigns, advocacy & capacity-building for human rights & democracy

အမှတ် ၇၄ ၂၀၁၃ ခု ဖေဖော်ဝါရီလ


### ယခုလသတင်းစဉ်အညွှန်း


**ပင်မ သတင်းခေါင်းစဉ်**
၂ အိုဂျေကွင်တားနားက အစိုးရကိုပြင်းထန်စွာဝေဖန်
၂ ရိုဟင်ဂျာများအတွက် အကူအညီများဟန့်တားခံရ
၃ ခွဲခြားဆက်ဆံခြင်းနှင့် ချိုးဖောက်မှုများ
၄ ရိုဟင်ဂျာများအစုအဝေးနှင့်ထွက်ခွာလာမှုများ ဆက်လက်ဖြစ်ပေါ်
**မြန်မာနိုင်ငံပြည်တွင်းသတင်း**
၅ စစ်အသုံးစရိတ် အဆိုပြု
၅ ကချင်ပြည်နယ်မှတိုက်ပွဲများ
၅ ကချင်ဒုက္ခသည်များအတွက် အကူအညီများ နောက်ယှက်တားဆီးခံရ
၆ ရှမ်းပြည်နယ်မှတိုက်ပွဲများ
၆ ဝန်ကြီးအဖွဲ့အပြောင်းအလဲများ
၇ မြေသိမ်း၊ ယာသိမ်း ဆန္ဒပြမှုများ
၇ မုံရွာကြေးနီမိုင်းကို ဆန့်ကျင်ကြ
**လူ့အခွင့်အရေးဆိုင်ရာ**
၈ အိုဂျေကွင်တားနား မြန်မာနိုင်ငံသို့လာရောက်
၉ နိုင်ငံရေးအကျဉ်းသားများအား ပြန်လည်သုံးသပ်
**နိုင်ငံတကာရေးရာ**
၉ နမ်ဗီးယား ကချင်ပြည်နယ်သို့ သွားရောက်
**စီးပွားရေး**
၁၀ ထားဝယ်စီမံကိန်း
၁၀ မြန်မာ့ငွေကြေးကဏ္ဍ
**၁၁ အခြားမြန်မာပြည်ဆိုင်ရာသတင်း များ**
၁၄ **အစီရင်ခံစာများ**


- မြိမ်းခြောက်မှုများ၊ ကျိုးကြောင်းမဲ့ဖမ်းဆီးမှုများ၊ ညှင်းပန်းနှိပ်စက်မှုများနှင့် အမျိုးသမီးများအား မတရားပြုကျင့်မှုများအပါအဝင် ဆိုးရွားသောလူ့အခွင့်အရေး ချိုးဖောက်မှုများအား ရိုဟင်ဂျာများအပေါ် ဆက်လက်ကျူးလွန်လျက်ရှိသည်။
- အစိုးရက ရခိုင်ပြည်နယ်မှမူဆလင်များအပေါ် ကန့်သတ်မှုများပိုမိုတိုးမြှင့်လာသော်လည်း လူမျိုး၊ဂိုဏ်းဂဏအခြေခံအကြမ်းဖက်မှုများ၏ဒဏ်ခံခဲ့ရသော ဒေသ များတွင် ဗုဒ္ဓဘာသာစံပြကျေးရွာများပိုမိုတည်ဆောက် လာမှုများကိုမူ အားပေးခဲ့သည်။
- ပင်လယ်ပြင်တွင်သေဆုံးမှုအစီရင်ခံစာများ မြင့်တက်လာသည်နှင့်အတူ ရိုဟင်ဂျာလှေစီးဒုက္ခသည်များ အစုအပြုံလိုက်ထွက်ပြေးမှုများဆက်လက်ဖြစ်ပေါ်နေဆဲဖြစ် သည်။ ထိုင်း၊ မလေးရှားနှင့်ဘင်္ဂလားဒေ့ရှ်အာဏာပိုင် များက ရိုဟင်ဂျာဒုက္ခသည်များအား ဖမ်းဆီးထိန်းသိမ်း ထားခြင်း သို့မဟုတ် ပြန်လည်မောင်းထုတ်ခြင်းများ ဆက်လက်ပြုလုပ်နေကြသည်။
- ကချင်ပြည်နယ်တွင်တပ်မတော်မှ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အစိုးရ၏ရိုဟင်ဂျာများအပေါ် ဆက်ဆံမှုများအပါအဝင် ကိုင်တွယ်ဖြေရှင်းခြင်းမရှိသေးသောထင်ရှားသည့် လူ့အခွင့်အရေးဆိုင်ရာ ချို့ယွင်းချက်များ ရှိနေသေးသည်ဟု မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စား လှယ်က ပြောကြားလိုက်သည်။
- ၂၀၁၂ - ၁၃ ဘဏ္ဍာရေးနှစ်အတွက် ရံပုံငွေ၏ ၂၀ %ကို စစ်တပ်အသုံးစားရိတ်အတွက်အသုံးပြုရန်နှင့် ပညာ ရေး၊ ကျန်းမာရေးတို့အတွက် ၄.၄% နှင့် ၃.၉ % သာ အသီးသီးအသုံးပြုရန် အစိုးရမှအဆိုပြုခဲ့သည်။
- နောက်ဆုံးပြုလုပ်ခဲ့သည့် အစိုးရအဖွဲ့အတွင်းမှအ ပြောင်းအလဲများတွင် အဓိကဝန်ကြီးနေရာသုံးခုကို စစ်တပ်မှ သုံးဦးအားခန့်အပ်လိုက်ခြင်းဖြင့် သမ္မတ ဦးသိန်းစိန်ကအုပ်ချုပ်ရေးအာဏာအား စစ်တပ်မှချုပ် ကိုင်ထားမှုကို အားကောင်းစေခဲ့သည်။
- အစိုးရနှင့်ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) အကြား တွင်ဆွေးနွေးမှုများရှိနေခဲ့သော်လည်း ကချင်ပြည်နယ် တွင်နောက်ထပ်တိုက်ပွဲများ ထပ်မံဖြစ်ပွားနေသည်။
- အစိုးရအာဏာပိုင်များ၏ မြေယာများအားသိမ်းယူခြင်း နှင့်မြေယာများမှမောင်းထုတ်ခြင်းများကို လယ်သမား များနှင့်ရွာသူရွာသားများက ဆက်လက်ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။


P O BOX 296, LARDPRAO POST OFFICE, BANGKOK 10310, THAILAND
TEL ▼ 081 850 9008 ▼ [6681] 850 9008 EMAIL ▼ publications@altsean.org WEB ▼ www.altsean.org

- အကြမ်းဖက်မှုများအားငွေကြေးထောက်ပံ့ခြင်းနှင့် ငွေကြေးခဝါချခြင်းများကို ဆန့်ကျင်တိုက်ဖျက်ရာ တွင် လုံလောက်သောတိုးတက်မှုမရှိသည့်အတွက် မြန်မာနိုင်ငံသည် နိုင်ငံတကာနာမည်ပျက်စာရင်း ၌ပင်ရှိနေစဉ်မှာပင် အမေရိကန်က ခရိုနီနှစ်ဦးပိုင်ဆိုင်သောဘဏ်နှစ်ခုအပေါ် ကန့်သတ်မှုများ လျှော့ချပေးခဲ့သည်။

## ပင်မသတင်းများ

---

### အစိုးရ၏ရိုဟင်ဂျာများအပေါ် ဆက်ဆံရေးအား အိုဂျေကွင်တားနားက ပြင်းထန်စွာဝေဖန်လိုက်သည်

အချက်အလက်စုဆောင်းရန်သွားရောက်သည့် ၆ ရက်ခရီးစဉ်၏အစိတ်အပိုင်းတခုအနေဖြင့် ဖေဖော်ဝါရီလ ၁၁ နှင့် ၁၂ ရက်နေ့များတွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် သောမတ်စ် အိုဂျေကွင်တားနားသည် ရခိုင်ပြည်နယ်သို့သွားရောက်ခဲ့သည်။ [အောက်မှ "UN က ထင်ရှားသောလူ့အခွင့်အရေးဆိုင်ရာချို့ယွင်းချက်များ ကိုမီးမောင်းထိုးပြ" တွင်ကြည့်ပါ။] အိုဂျေကွင်တားနားသည် စစ်တွေ၊ မြေပုံ၊ ပေါက်တောမြို့နယ်များရှိ ရိုဟင်ဂျာဒုက္ခသည်စခန်းများမှအခြေအနေများနှင့် စစ်တွေအကျဉ်းထောင်အတွင်းမှ အခြေအနေများကိုလေ့လာစစ်ဆေးခဲ့သည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရိုဟင်ဂျာလူပ်ရှားသူ ကိုအောင်ဝင်းအား ကွင်တားနားနှင့်မတွေ့ဆုံနိုင်စေရန်အတွက် အစိုးရအာဏာပိုင်များကစစ်တွေတွင် ခေတ္တမျှထိန်းသိမ်းထားခဲ့သည်။ သူ၏ခရီးစဉ်အပြီးတွင် အထူးကိုယ်စားလှယ်သည် ရိုဟင်ဂျာများအားဆက်ဆံပုံနှင့် ရခိုင်ပြည်နယ်အတွင်းရှိအခြေအနေများအားကိုင်တွယ်ပုံများနှင့်ပတ်သက်၍ အစိုးရအားပြင်းထန်စွာဝေဖန်ခဲ့သည်။ အိုဂျေကွင်တားနားသည် အောက်ပါစိုးရိမ်ဖွယ်ကိစ္စများကို မီးမောင်းထိုးပြခဲ့သည်။

- ဘူးသီးတောင်အကျဉ်းထောင်အတွင်း၌ ရိုဟင်ဂျာများထိန်းသိမ်းထားစဉ်သေဆုံးခဲ့ရမှုများနှင့် ညှင်းပန်းနှိပ်စက်ခံရမှုများရှိနေသည်ဟူသော စွပ်စွဲပြောဆိုထားမှုများ၊
- ရိုဟင်ဂျာ ခေါင်းဆောင် ဦးထွန်းအောင်အား ကျိုးကြောင်းမဲ့အကျဉ်းချထားမှု၊
- အခြေအမြစ်မရှိသော တရားစွဲဆိုထားမှုများဖြင့် ဘူးသီးထောင်အကျဉ်းထောင်အတွင်းတွင် INGO ဝန်ထမ်း ၄ ဦးအားဆက်လက်ထိန်းသိမ်းထားမှု၊
- ဒုက္ခသည်များ၏လွတ်လပ်စွာသွားလာခွင့်များကို ကန့်သတ်ထိန်းချုပ်ထားခြင်းများ၊ အိုဂျေကွင်တားနားက မြေပုံရှိရိုဟင်ဂျာဒုက္ခသည်စခန်းသည် "ဒုက္ခသည်စခန်းတခုထက် အကျဉ်းထောင်တခုနှင့်ပိုတူနေသည်ဟု ခံစားရပါသည်" ပြောဆိုခဲ့သည်၊
- ပိုမိုကြီးမားသော ရိုဟင်ဂျာဒုက္ခသည်စခန်းများတွင် လုံလောက်သောကျန်းမာရေးစောင့်ရှောက်မှုများမရှိခြင်း၊
- ဗုဒ္ဓဘာသာနှင့်မူဆလင်ဘာသာဝင် ခေါင်းဆောင်များအကြားပြောဆိုဆွေးနွေးမှုများ ပိုမိုတိုးမြင့်လာစေရန် အစိုးရအာဏာပိုင်များမှလုပ်ဆောင်မပေးခြင်း၊

ရိုဟင်ဂျာများအပေါ်ခွဲခြားဆက်ဆံမှုများ အဆုံးသတ်သွားစေရန်အတွက် ၁၉၈၂ ခုနှစ်နိုင်ငံသားအက်ဥပဒေကိုပြင်ဆင်ပေးပါရန် လွှတ်တော်အားတောင်းဆိုခဲ့မှုကို အိုဂျေကွင်တားနားကထပ်မံတောင်းဆိုလိုက်သည်။

### ခြိမ်းခြောက်မှုများ၊ အကျပ်ကိုင်မှုများနှင့်ကန့်သတ်မှုများက ရိုဟင်ဂျာများအတွက်အကူအညီများကို အဟန့်အတားဖြစ်နေဟု နယ်စည်းမခြားဆရာဝန်များအဖွဲ့ (MSF) ဆို

ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် နယ်စည်းမခြားဆရာဝန်များအဖွဲ့ (MSF) ကရခိုင်ပြည်နယ်တွင် အရေးပေါ်အကူအညီများလိုအပ်နေမှုအပေါ် ကြေငြာချက်တစောင်ထုတ်ပြန်ခဲ့သည်။ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာဒုက္ခသည်အများစုဖြစ်သည့် ဒုက္ခသည်သောင်းဂဏန်းခန့်တို့သည် ဆေးဝါးစောင့်ရှောက်မှုမရရှိနိုင်သေးပါဟု MSF ကပြောကြားလိုက်သည်။ ရခိုင်လူထုအချို့၏ ဝန်ထမ်းများအား ခြိမ်းခြောက်မှုများနှင့် အကြပ်ကိုင်မှုများ အားရပ်တန့်စေရန်အတွက် ပိုမိုလုပ်ဆောင်သင့်ကြောင်း MSF မှ အစိုးရအာဏာပိုင်များအားတိုက်တွန်းလိုက်သည်။

ထို့အပြင် အစိုးရလုံခြုံရေးတပ်ဖွဲ့များက ရိုဟင်ဂျာများအလွန်အမင်းကျန်းမာရေးမကောင်းသည့်အတွက် ရွှေ့ပြောင်းသယ်ယူမှုအပေါ်၌ပင် ကန့်သတ်မှုများပြုလုပ်ခဲ့ကာ MSF မှသွားရောက်မှုများကိုလည်းကန့်သတ်ခဲ့ပါသည်ဟု ဖေဖော်ဝါရီလ ၇ ရက်နေ့တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် MSF အထွေထွေညွှန်ကြားရေးမှူး Arjan Hehenkamp ကပြောကြားလိုက်သည်။ ရိုဟင်ဂျာများအား ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသောရေ သို့မဟုတ် သန့်ရှင်းမှုတို့မရှိသော ရွှံ့ညွံ့ထူထပ်သည့်ကျဉ်းမြောင်းသောမြေနေရာလေးပေါ်တွင် ပိတ်လှောင်ထားသည်ဟုလည်း သူကပြောကြားခဲ့သည်။

**မူဆလင်နှင့်ရိုဟင်ဂျာများအပေါ် ခွဲခြားဆက်ဆံမှုများနှင့်ချိုးဖောက်မှုများဆက်လက်ဖြစ်ပေါ်**

ဖေဖော်ဝါရီလထဲတွင် အစိုးရက ရခိုင်ပြည်နယ်မှမူဆလင်များအပေါ် ကန့်သတ်မှုများပိုမိုတိုးမြှင့်လာသော်လည်း လူမျိုးဂိုဏ်းဂဏအခြေခံအကြမ်းဖက်မှုများ၏ဒါဏ်ခံခဲ့ရသော ဒေသများတွင် ဗုဒ္ဓဘာသာစံပြကျေးရွာများပိုမိုတည်ဆောက်လာမှုများကိုမူအားပေးခဲ့သည်။ ဖေဖော်ဝါရီလ ၁၁ ရက်တွင် မှတ်ပုံတင်ရှိသောသူများအပါအဝင် မူဆလင်အားလုံးအား မြို့နယ်များအပြင်သို့ခရီးသွားရောက်ခွင့်မပြုရန် ရခိုင်ပြည်နယ်မှအစိုးရအာဏာပိုင်များက ဒေသခံလူဝင်မှုကြီးကြပ်ရေးအရာရှိများအား ညွှန်ကြားခဲ့သည်။ ထိုလုပ်ရပ်နှင့်ဆန့်ကျင်စွာပင် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်းတောမြို့နယ်သို့ ဘင်္ဂလားဒေ့ရှ်တောင်ပိုင်းတွင်နေထိုင်သည့် ရခိုင်ဗုဒ္ဓဘာသာဝင်ရာပေါင်းများစွာတို့အား အစိုးရအာဏာပိုင်များက ဒီဇင်ဘာလကတည်းက ရွှေ့ပြောင်းအခြေချစေခဲ့ကြောင်း သတင်းများရရှိခဲ့ပါသည်။ အစိုးရအာဏာပိုင်များက လာရောက်အခြေချသူများအတွက် အိမ်များ၊ မြေများနှင့် လုံခြုံရေးတို့ရရှိအောင်လုပ်ဆောင်ပေးခဲ့သည်။

ခြိမ်းခြောက်မှုများ၊ ကျိုးကြောင်းမဲ့ဖမ်းဆီးမှုများ၊ ညှင်းပန်းနှိပ်စက်မှုများနှင့် အမျိုးသမီးများအား မတရားပြုကျင့်မှုများအပါအဝင် ဆိုးရွားသောလူ့အခွင့်အရေးချိုးဖောက်မှုများအား အစိုးရအာဏာပိုင်များက ရိုဟင်ဂျာများအပေါ် ဆက်လက်ကျူးလွန်လျက်ရှိသည်။

- **ဖေဖော်ဝါရီ ၃** - လူကုန်ကူးမှုပြုလုပ်သည်ဟူသော မှားယွင်းစွဲဆိုမှုဖြင့် အသက် ၅၀ အရွယ်ရိုဟင်ဂျာဘာသာရေးခေါင်းဆောင်တဦးအပါအဝင် ရိုဟင်ဂျာ ၃ ဦးကိုရခိုင်ပြည်နယ်၊ မောင်းတောမြို့နယ်၊ ဒေသ ၄ မှ နစက အဖွဲ့ဝင်များကဖမ်းဆီးခဲ့ကြသည်။
- **ဖေဖော်ဝါရီ ၅** - ရခိုင်ပြည်နယ်၊ မောင်းတောမြို့နယ်၊ ဒေသ ၆ မှ နစကအဖွဲ့ဝင်များက အစ္စလာမ်စာသင် ကျောင်း ၃ ကျောင်းကိုပိတ်ပစ်ခဲ့သည်။
- **ဖေဖော်ဝါရီ ၅** - ဖွန်လကဖြစ်ပွားခဲ့သော အထိကရုဏ်းများတွင် ပါဝင်ခဲ့သည်ဟူသောစွပ်စွဲချက်များဖြင့် ရိုဟင်ဂျာ ၁၁ ဦးအား ရခိုင်ပြည်နယ်၊ မောင်းတောမြို့နယ် တရားရုံးတခုမှထောင်ဒါဏ် ၁၀ နှစ်စီချမှတ်ခဲ့သည်။
- **ဖေဖော်ဝါရီ ၉** - ဖွန်လကဖြစ်ပွားခဲ့သော အထိကရုဏ်းများတွင် ပါဝင်ခဲသည်ဟူသောစွပ်စွဲချက်ဖြင့် အသက် ၃၅ နှစ်ရှိ ရိုဟင်ဂျာဘာသာရေးခေါင်းဆောင်တဦးအား ရခိုင်ပြည်နယ်၊ မောင်းတောမြို့နယ်၊ ဒေသ ၈ မှ နစက အဖွဲ့ဝင်များက ဖမ်းဆီး၍ညှင်းပန်းနှိပ်စက်ခဲ့ကြသည်။
- **ဖေဖော်ဝါရီ ၁၂** - ရခိုင်ပြည်နယ်၊ မောင်းတောမြို့နယ် လူဒိုင်းကျေးရွာမှရိုဟင်ဂျာအမျိုးသား ၄ ဦးသည် ဒေသခံ နစကစခန်းတွင်ထိန်းသိမ်းထားခြင်းခံနေရရာမှ သေဆုံးသွားခဲ့ကြသည်။
- **ဖေဖော်ဝါရီ ၁၈** - ရခိုင်ပြည်နယ်၊ မောင်းတောမြို့နယ်၊ ဒေသ ၅ မှ နစကအဖွဲ့ဝင်များက အသက် ၁၈ နှစ်နှင့် ၁၅ နှစ်ရှိရိုဟင်ဂျာ မိန်းကလေးနှစ်ဦးအားအုပ်စုလိုက် နှိပ်စက်ညှင်းပန်း၍မုဒိမ်းပြုကျင့်ခဲ့သည်။
- **ဖေဖော်ဝါရီ ၂၀** - ရခိုင်ပြည်နယ်၊ မောင်းတောမြို့နယ် နစကအဖွဲ့ဝင်များက ဆယ်ကျော်သက်အရွယ်မိန်းကလေးများအပါအဝင် အမျိုးသမီးအနည်းဆုံး ၁၁ ဦးကိုနှိပ်စက်ညှင်းပန်း၍မုဒိမ်းပြုကျင့်ခဲ့သည်။

ထို့အပြင်အစိုးရအဆင့်မြင့်အရာရှိများသည် ရိုဟင်ဂျာများအပေါ်ခွဲခြားဆက်ဆံမှုများကို မီးထိုးပေးသည့်ထုတ်ဖော်ပြောကြားချက်များကိုဆက်လက်ပြုလုပ်ခဲ့ကြသည်။ ဖေဖော်ဝါရီ ၂၀ ရက်နေ့ ပြည်သူ့လွှတ်တော်၏ မေးခွန်းများမေးမြန်းသည့်အချိန်တွင် အစိုးရ၏လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဒုဝန်ကြီးဦးကျော်ကျော်ဝင်းက မြန်မာနိုင်ငံတွင်ရိုဟင်ဂျာများသည် တိုင်းရင်းသားအုပ်စုတခုအဖြစ်တည်ရှိသည်ဆိုသည်ကို ငြင်းပယ်ခဲ့သည်။ ဦးကျော်

ကျော်ဝင်းက ရိုဟင်ဂျာဆိုသောအသုံးအနှုန်းသည် အသစ်တည်ထွင်လိုက်သောစကားလုံးသာဖြစ်သည်ဟုလည်း ပြောကြားခဲ့သည်။

**ရိုဟင်ဂျာများအစုလိုက်အပြုံလိုက်ထွက်ပြေးမှုများဆက်လက်ဖြစ်ပေါ်နေဆဲ**

ရိုဟင်ဂျာလှေစီးဒုက္ခသည်များသည် ခိုလှုံရာရှာဖွေရန်အတွက်ကြံမိကြံရာအားထုတ်မှုအနေဖြင့် ပင်လယ်ပြင်သို့ ထွက်လာနေဆဲဖြစ်ကာ အများစုမှာထိုင်းနှင့်မလေးရှားနိုင်ငံများသို့ဦးတည်ခဲ့ကြသည်။ ၂၀၁၂ ခုနှစ်အောက်တိုဘာ လကတည်းက ရိုဟင်ဂျာလှေစီးဒုက္ခသည် ၅၈၉၉ ယောက်ထိုင်းနိုင်ငံသို့ဝင်ရောက်လာခဲ့သည်ဟု ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ထိုင်းအရာရှိများကပြောကြားလိုက်သည်။ ၂၀၁၃ ခုနှစ်တွင်ခန့်မှန်းခြေ လှေစီးဒုက္ခသည် ၁၈၀၀ ခန့် မလေးရှားနိုင်ငံသို့ရောက်ရှိလာသည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ကဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင်ပြောကြားလိုက်သည်။

သီရိလင်္ကာအရှေ့ဘက်ကမ်းလွန်တွင် နစ်မြုပ်ခဲ့သောလှေနစ်စင်းမှ ရိုဟင်ဂျာအများစုဖြစ်သော လှေစီးဒုက္ခသည် ၁၇၀ အားဖေဖော်ဝါရီလ ၃ ရက်နှင့် ၁၆ ရက်တို့တွင်သီရိလင်္ကာရေတပ်မှကယ်ဆယ်ခဲ့သည်။ ပထမအုပ်စုက ပင်လယ်ထဲတွင်တဦးသေဆုံးခဲ့သည်ဟု သတင်းပို့ခဲ့ကာ ဒုတိယအုပ်စုက သူတို့၏ ၂ လတာခရီးအတွင်းတွင် အစာရေစာငတ်မွတ်ခြင်းနှင့်ရေခဲတိုက်ခံမိခြင်းတို့ကြောင့် ၉၈ ယောက်သေဆုံးခဲ့ကာ ထိုအလောင်းများကိုလှေပေါ်မှရေထဲသို့ပစ်ချခဲ့ရသည်ဟု ပြောကြားခဲ့ကြသည်။

ထိုင်းအာဏာပိုင်များသည် သူတို့၏ဆိပ်ကမ်းများသို့ဆိုက်ကပ်ရန်ကြိုးစားခဲ့သော လှေစီးဒုက္ခသည်များအားတရားမဝင်ခိုးဝင်လာသူများအဖြစ် ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် ပြန်လည်မောင်းထုတ်ခြင်းများကိုဆက်လက်ပြုလုပ်နေကြသည်။

- **ဖေဖော်ဝါရီ ၄** - ထိုင်းအာဏာပိုင်များသည် ထရန်းခရိုင်မှ ရိုဟင်ဂျာလှေစီးဒုက္ခသည် ၁၄၅ ဦးအားမောင်းထုတ်ခဲ့ကြသည်။
- **ဖေဖော်ဝါရီ ၂၂** - ပင်လယ်ပြင်တွင် ၂၈ ရက်ခန့်ကြာပြီးနောက်ဖူးကက်ခရိုင်သို့ရောက်ရှိလာသော ရိုဟင်ဂျာလှေစီးခရီးသည် ၈ ဦးအားထိုင်းအာဏာပိုင်များကထိန်းသိမ်းထားခဲ့သည်။

ရိုဟင်ဂျာဒုက္ခသည်များသည် ဘင်္ဂလားဒေ့ရှ်၊ မလေးရှားနှင့်အင်ဒိုနီးရှားတို့သို့လည်း ဆက်လက်ရောက်ရှိနေဆဲဖြစ် သည်။

- **ဖေဖော်ဝါရီ ၁** - အာချေးပြည်နယ်မြောက်ဘက်တွင် ရေထဲမျောပါနေသောရိုဟင်ဂျာလှေစီးဒုက္ခသည် ၅၄ ဦးအားအင်ဒိုနီးရှားအာဏာပိုင်များက တွေ့ရှိခဲ့သည်။
- **ဖေဖော်ဝါရီ ၁၆** - မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက်ရှိ နေရာတော်တော်များများတွင် ဖေဖော်ဝါရီလ ၁၅ ရက်၊ ၁၆ ရက်တို့တွင်ဖမ်းဆီးရမိခဲ့သော ရိုဟင်ဂျာ ၅၇ ဦးအားဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် (BGB) က ပြန်လည်မောင်းထုတ်ခဲ့သည်။
- **ဖေဖော်ဝါရီ ၁၈** - လွန်ခဲ့သောရက်များကပီနန်းသို့ဆိုက်ရောက်လာသော မြန်မာလှေစီးဒုက္ခသည် ၁၀၂ ဦးအားမလေးရှားအာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းခဲ့သည်။
- **ဖေဖော်ဝါရီ ၂၆** - ရခိုင်ပြည်နယ်မှထွက်ခွာလာသည့် ရိုဟင်ဂျာ ၁၂၁ ဦးအားအင်ဒိုနီးရှားတံငါသည်များက အာချေးပြည်နယ်မြောက်ဘက်တွင် ကယ်ဆယ်ခဲ့ကြသည်။
- **ဖေဖော်ဝါရီ ၂၈** - အာချေးပြည်နယ်အရှေ့ဘက်တွင် ကလေး ၂၃ ယောက်အပါအဝင် လှေစီးဒုက္ခသည် ၆၃ ဦးအားအင်ဒိုနီးရှားတံငါသည်များက ကယ်တင်ခဲ့ကြသည်။

ရိုဟင်ဂျာအများအပြား ထွက်ပြေးလာမှုများမြင့်တက်လာပြီးနောက် UNHCR က ဆိုးရွားလှသည့်ခရီးစဉ်အတွင်း သေဆုံးသည့်အရေအတွက်မြင့်တက်လာမှုကို ကူညီကာကွယ်ပေးရန်နှင့် လှေစီးခရီးသည်များအားအရေးပေါ်လူသားချင်းစာနာသည့်အကူအညီများပေးပါရန် ဒေသတွင်းရှိနိုင်ငံများအားတောင်းဆိုထားသည့်တောင်းဆိုချက်ကို ဖေဖော်ဝါရီတလလုံး ထပ်မံတောင်းဆိုခဲ့သည်။

## များပြားလှသည့်စစ်အသုံးစရိတ်ကိုအဆိုပြု

နေပြည်တော်ရှိအောက်လွှတ်တော်ကြမ်းမြောက် အစည်းအဝေးတွင် ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း ဥပဒေ မူကြမ်းကို လွှတ်တော်ကဆွေးနွေးခဲ့ကြသည်။ သို့သော်လည်း ၎င်းသည်ပြည်သူလူထုအားဦးစားပေးရန်နှင့် မြန်မာနိုင်ငံ၏ တိုင်းနှင့်ပြည်နယ်များအကြားတွင် စီးပွားရေးမညီမျှမှုများကိုင်တွယ်ရန်တို့ မပါဝင်သည့်အတွက် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် လွှတ်တော်အမတ်တော်တော်များများကဝေဖန်ခဲ့ကြသည်။ ဖေဖော်ဝါရီလ လယ်တွင်အစိုးရသည် ၂၀၁၃-၁၄ ခုနှစ်ဘဏ္ဍာရေးနှစ်ဘတ်ဂျက်၏ ၂၀.၈၆ % ကိုစစ်အသုံးစရိတ်အဖြစ်သတ် မှတ်ရန်အဆိုပြုခဲ့သည်ဟု သတင်းများရရှိခဲ့ သည်။ ထိုအရာနှင့်ဆန့်ကျင်စွာပင် အစိုးရသည်ပညာရေးနှင့်ကျန်းမာ ရေးတို့အတွက် ၄.၄ % နှင့် ၃.၉ % သာအသီး သီးအသုံးပြုရန်အဆိုပြုခဲ့သည်။

## အစိုးရနှင့် KIO တို့ဆွေးနွေးနေသော်လည်း အစိုးရစစ်တပ်မှထိုးစစ်များဆက်လက်လုပ်ဆောင်နေ

ဖေဖော်ဝါရီလတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ၏တပ်စခန်းများအား အစိုးရတပ်များမှဆက်လက် တိုက်ခိုက်နေသည့်အတွက် အစိုးရနှင့်ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့အကြားငြိမ်းချမ်းရေးဆွေးနွေးပွဲများ မှာနောက်ထပ်တိုက်ပွဲများထပ်မဖြစ်အောင်ကာကွယ်မပေးနိုင်ခဲ့ပါ။ ဖေဖော်ဝါရီလ ၄ ရက်တွင်သမ္မတရုံးဝန်ကြီး ဦးအောင်မင်းဦးဆောင်သောအစိုးရ၏အဖွဲ့နှင့် KIO ကိုယ်စားလှယ်များသည် တရုတ်နိုင်ငံ၊ယူနန်ပြည်နယ်ရှိ ရွှေလီ တွင်တွေ့ဆုံခဲ့ကြသည်။ ကရင်အမျိုးအသားအစည်းအရုံး (KNU) နှင့်ရှမ်းပြည်တပ်မတော်-တောင်ပိုင်း (SSA-S) တို့မှကိုယ်စားလှယ်များနှင့်တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိများသည် လေ့လာသူများအဖြစ်တက်ရောက် ကြသည်။ အကျိုးဆောင်ထားသည့်အပစ်အခတ်ရပ်စဲမှုလည်းမရခဲ့ပဲ ဆွေးနွေးပွဲသည်အဓိကတိုးတက်မှုများမရရှိခဲ့ပါ။ နှစ်ဘက်စလုံးသည် စစ်ရေးတင်းမာမှုများလျှော့ချရန်၊ ဆက်ဆံရေးလမ်းကြောင်းများတည်ဆောက်ထားရန်၊ အောက်ခြေ တွင်အပစ်ရပ်စောင့်ကြည့်ရေးစနစ်များထားရှိရန်၊ ဖေဖော်ဝါရီလမကုန်ခင်တွင် ညီညွတ်သောတိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC) နှင့်ညှိနှိုင်းကာနောက်ထပ်ဆွေးနွေးပွဲများပြုလုပ်သွားရန်စသည်တို့ကိုသဘောတူခဲ့ ကြသည်။ လူထုနှင့်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နေသည့်အတွက်ကြောင့် လမကုန်ခင်တွင် ထပ်မံတွေ့ဆုံရန် အဆင်သင့်မဖြစ်သေးပါဟု KIO ကအစိုးရအား ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင်အကြောင်းကြားခဲ့သည်။

ဖေဖော်ဝါရီ ၄ ရက်နေ့ဆွေးနွေးပွဲမတိုင်မီရော၊ ပြီးနောက်တွင်ပါ အစိုးရတပ်များသည် KIA ကိုဆက်လက်ထိုးစစ်ဆင်ခဲ့ သည်။

- **ဖေဖော်ဝါရီ ၃** - ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ် လိုင်ဇာအနီးရှိ KIA စခန်းများအား အစိုးရတပ်များမှ လက်နက် ကြီးကျည်လေးလုံးပစ်ခတ်ခဲ့သည်။
- **ဖေဖော်ဝါရီ ၃** - ကချင်ပြည်နယ်၊ ဖားကန့်အနီးရှိ KIA တပ်စခန်းအား အစိုးရတပ်များမှဝင်ရောက်စီးနင်းခဲ့ သည်။
- **ဖေဖော်ဝါရီ ၆** - ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ် လဂျာယန်အနီးရှိ KIA စခန်းများအား အစိုးရတပ်များက လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့သည်။
- **ဖေဖော်ဝါရီ ၆** - ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ် မိုင်းဖြတ်တွင် အစိုးရတပ်များနှင့် KIA တို့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။
- **ဖေဖော်ဝါရီ ၂၃** - ကချင်ပြည်နယ် ချီဖွေနှင့်ဆောလောတို့တွင် အစိုးရတပ်များနှင့် KIA တို့တိုက်ပွဲများဖြစ်ပွားခဲ့ သည်။

## အစိုးရကအကူအညီများသွားရောက်ပေးနိုင်ရန်ကတိပြုခဲ့သော်လည်း အတားအဆီးများရှိနေမြဲ

ကချင်ပြည်နယ်မှ ၂၁ လတာပဋိပက္ခများတလျှောက်လုံး ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ထိန်းချုပ်နယ် မြေမှဒုက္ခသည်များအားအကူအညီများပေးမှုကို တားဆီးထားပြီးနောက် ကချင်ပြည်နယ်တခုလုံးရှိဒုက္ခသည်စခန်းများ အားလုံးသို့ UN နှင့် NGO များမှလူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးနိုင်ရန်ခွင့်ပြုသွားမည်ဟု

အစိုးရမှ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင်ကြေငြာခဲ့သည်။ သို့သော်လည်း အစိုးရသည်အကူအညီများစတင်ပေးနိုင်မည့် အချိန်သတ်မှတ်ပေးရန်မှု ပျက်ကွက်ခဲ့သည်။ အစိုးရထိန်းချုပ်ထားသော စခန်း ၄၁ ခုတွင်နေထိုင်လျက်ရှိသည့် ဒုက္ခသည် ၅၈၀၀၀ ခန့်တို့အားအကူအညီများစတင်ပေးနိုင်ရန်အတွက် UN နှင့် NGO လူသားချင်းစာနာမှုအကူအညီပေးရေးဝန်ထမ်းများသည် ကချင်ပြည်နယ်၊ ဖားကန့်သို့ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင်သွားရောက်ခဲ့ကြသည်။ သို့သော်လည်း ဖေဖော်ဝါရီလတွင် နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC) တခုသာခွဲစိတ်ကုသရန်နှင့်အခြား ဆေးဝါးပစ္စည်းများပုံစံမျိုးဖြင့် KIA ထိန်းချုပ်ဒေသများသို့လူသားချင်းစာနာသည့်အကူအညီများပေးပို့နိုင်ခဲ့သည်။

ထို့အပြင် အစိုးရသည်ဒုက္ခသည်များထံသို့ ဒေသခံများထံမှအကူအညီများပေးပို့ခြင်းကိုလည်းဆက်လက်ဟန့်တားထားသည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖားကန့်အနီးရှိ စန်ရာကျေးရွာမှ ဒုက္ခသည်များအားအကူအညီများပေးရန်ကြိုးစားခဲ့သည့် ကချင်ဘက်ပ်တစ်ကွန်ဗန်ရှင်း (KBC) အဖွဲ့ဝင် ၁၂ ဦးအား ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လွမ်းခေါင်အနီးတွင် အစိုးရတပ်များကနောက်ပြန်လှည့်ခိုင်းခဲ့သည်။

**ရှမ်းပြည်နယ်မှအစိုးရ၏ထိုးစစ်များက ဆွေးနွေးပွဲများအပေါ်အရိပ်ထိုးလျက်ရှိ**

ဖေဖော်ဝါရီလတွင် အစိုးရသည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ရှမ်းပြည်တပ်မတော် - တောင်ပိုင်း (SSA-S) ၊ ညီညွတ်သောတိုင်းရင်းသား လူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) တို့နှင့်သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။ သမ္မတရုံးဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော အစိုးရ၏အဖွဲ့နှင့်(SSA-S) ခေါင်းဆောင်ဦးယွက်စစ်တို့သည် အစိုးရနှင့်(SSA-S) အကြားအပစ်အခတ် ရပ်စဲရေးကိစ္စများကို ဆွေးနွေးနိုင်ရန်အတွက်ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင်တွေ့ဆုံခဲ့သည်။ ဆွေးနွေးပွဲများအတွင်းတွင် ဦးယွက်စစ်က အစိုးရတပ်များ၏ဆက်လက်လုပ်ဆောင်နေသော ထိုးစစ်များနှင့်ပတ်သက်၍ ဦးအောင်မင်းအား ပစ်တင်ပြောကြားခဲ့သည်။ သမ္မတရုံးဝန်ကြီး ဦးအောင်မင်းဦးဆောင်သောအစိုးရ၏အဖွဲ့သည် ကချင်လွတ်မြောက်ရေး အဖွဲ့ (KIO) အထွေထွေအတွင်းရေးမှူးဦးလဂျာ အပါအဝင် UNFC ကိုယ်စားလှယ်များနှင့်ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် တွေ့ဆုံခဲ့သည်။ နောက်ထပ်ပြုလုပ်မည့်ဆွေးနွေးပွဲများတွင် ကြားဝင်ဆောင်ရွက်ပေးသူများ၊ လေ့လာသူများ၏အခန်းကဏ္ဍ၊ ၎င်းတို့တည်ရှိရန်နှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအတွက် အခြေခံများကိုဘက်နှစ်ဘက်တို့မှဆွေးနွေးခဲ့ကြသည်။ နှစ်ဘက်လုံးက နောက် ၂ လအတွင်းနောက်ထပ်ဆွေးနွေးပွဲကိုကျင်းပရန် သဘောတူခဲ့ကြသည်။

သို့သော် ဆွေးနွေးပွဲများပြုလုပ်နေသော်လည်း အစိုးရတပ်များသည် ရှမ်းပြည်တပ်မတော် - မြောက်ပိုင်း (SSA-N)၊ UNFC အဖွဲ့ဝင်၊ ရှမ်းပြည်တပ်မတော် - တောင်ပိုင်း (SSA-S) တို့နှင့်တိုက်ပွဲများဖြစ်ပွားနေလျက်ရှိသည်။

- **ဖေဖော်ဝါရီ ၁၉** - ရှမ်းပြည်နယ်၊ တန့်ယန်းမြို့နယ်၊ မုံးကိုးအနီးရှိ SSA-N စခန်းများကို အစိုးရစစ်တပ် ခမရ ၃၂၂ မှတပ်များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ကြသည်။
- **ဖေဖော်ဝါရီ ၂၀** - ရှမ်းပြည်နယ်၊ တန့်ယန်းမြို့နယ်တွင် SSA-N တပ်များနှင့် အစိုးရတပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဖေဖော်ဝါရီ ၂၄** - ရှမ်းပြည်နယ်၊ နမ့်ဆန်မြို့နယ် ခိုလန်တွင် SSA-S တပ်များနှင့် အစိုးရတပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။

**အစိုးရအဖွဲ့အသစ်အတွင်းတွင် တိုင်းရင်းသားကိုယ်စားလှယ်များမရှိသော်လည်း စစ်တပ်မှကိုယ်စားလှယ်များ ပိုများလာ**

ဖေဖော်ဝါရီလတွင် နောက်ဆုံးပြုလုပ်ခဲ့သည့် အစိုးရအဖွဲ့အတွင်းမှအပြောင်းအလဲများတွင် သမ္မတဦးသိန်းစိန်က အုပ်ချုပ်ရေးအာဏာအား စစ်တပ်မှချုပ်ကိုင်ထားမှုကို အားကောင်းစေခဲ့သည်။ ပထမဦးဆုံးအတိုက်အခံအမတ်တဦးနှင့် အမျိုးသမီးတဦးအပါအဝင် အရပ်သား ၆ ဦးအား ဒုဝန်ကြီးများအဖြစ်ခန့်အပ်ခဲ့သော်လည်း ဦးသိန်းစိန်သည် အဓိကအစိုးရဝန်ကြီးဌာနများတွင် စစ်တပ်မှလူများအားဦးဆောင်ရန်ခန့်အပ်ခဲ့သည်။ ထို့အပြင်ထိုခန့်အပ်မှုများတွင် တိုင်းရင်းသားလူမျိုးစုများမှ ကိုယ်စားလှယ်များမပါဝင်ပေ။

- **ဖေဖော်ဝါရီ ၅** - သမ္မတဦးသိန်းစိန်က ယခင်ဗိုလ်ချုပ် ဟောင်းတဦးဖြစ်သော ရေဝတီတိုင်း USDP အမတ် ဦးဆန်းဆင့်အား အစိုးရသာသနာရေးဝန်ကြီးအဖြစ်ခန့်အပ်ခဲ့ သည်။

- **ဖေဖော်ဝါရီ ၅** - သမ္မတဦးသိန်းစိန်က အစိုးရ၏ စွမ်းအင်၊ သတ္တုတွင်း၊ အလုပ်သမားရေးရာ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနများအတွက် ဒုဝန်ကြီးများခန့်အပ်ခဲ့သည်။ ထို ၅ ဦးထဲမှ တဦးမှာ အမျိုးသားဒီမိုကရေ စီအင်အားစု (NDF) မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးတင်ရွှေဖြစ်သည်။
- **ဖေဖော်ဝါရီ ၁၃** - သမ္မတဦးသိန်းစိန်သည်လေတပ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီးမြတ်ဟိန်းအား ဆက်သွယ်ရေးနှင့် အချက်အလက်နည်းပညာဝန်ကြီးအဖြစ်လည်းကောင်း၊စစ်တပ်အရာရှိဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းအား အစိုးရနယ်စပ်ရေးရာဝန်ကြီးအဖြစ်လည်းကောင်းခန့်အပ်ခဲ့သည်။
- **ဖေဖော်ဝါရီ ၁၉** - သမ္မတဦးသိန်းစိန်က ဦးဝင်းမြင့်အား အစိုးရဆောက်လုပ်ရေး ဒုဝန်ကြီးအဖြစ်ခန့်အပ်ခဲ့သည်။

| ဦးသိန်းစိန်၏အစိုးရအဖွဲ့ခန့်ထားမှုများ | |
|---|---|
| **နာမည်** | **ရာထူး** |
| ဦးဆန်းဆင့် | သာသနာရေးဝန်ကြီး |
| ဦးမြတ်ဟိန်း | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီး |
| ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း | နယ်စပ်ရေးရာဝန်ကြီး |
| ဦးအောင်ထူး | စွမ်းအင် ဒုဝန်ကြီး |
| ဦးသန်းထွန်းအောင် | သတ္တုတွင်း ဒုဝန်ကြီး |
| ဒေါ်ဝင်းမော်ထွန်း | အလုပ်သမား ဒုဝန်ကြီး |
| ဦးဇော်မင်းအောင် | သိပ္ပံနှင့်နည်းပညာ ဒုဝန်ကြီး |
| ဦးတင်ရွှေ | ဟော်တယ်နှင့်ခရီးသွား ဒုဝန်ကြီး |
| ဦးဝင်းမြင့် | ဆောက်လုပ်ရေး ဒုဝန်ကြီး |

**ဆန္ဒပြပွဲများဖြစ်နေစဉ်တွင်ပင်မြေယာသိမ်းယူခြင်းနှင့်မြေယာများမှမောင်းထုတ်ခံရခြင်းများ ဆက်လက်ဖြစ်ပွားနေဆဲ**

အစိုးရအာဏာပိုင်များ၏ မြေယာများအားသိမ်းယူခြင်းနှင့်မြေယာများမှမောင်းထုတ်ခံရခြင်းများကို လယ်သမားများနှင့်ရွာသူရွာသားများက ဆက်လက်ဆန့်ကျင်ဆန္ဒပြအာခံခဲ့ကြသည်။

- **ဖေဖော်ဝါရီ ၇** - ဖွံ့ဖြိုးရေးစီမံကိန်းများအတွက်လမ်းဖောက်လုပ်မည့်နေရာဖြစ်သည့်အတွက် မတ်လ ၁ ရက်နေ့နောက်ဆုံးထား၍ နေအိမ်များကိုဖယ်ရှားမပေးပါက ၁ လထောင်ချခြင်းခံရမည်ဟု ပဲခူးတိုင်း၊ ပဲခူးမြို့မှအစိုးရအာဏာပိုင်များက ထိုနေရာတွင်နေထိုင်သူ ၂၀၀၀ ကျော်ခန့်တို့ကိုပြောကြားခဲ့သည်။ သို့သော်လည်းနေထိုင် သူများက နှင်ထုတ်သည့်အမိန့်ကိုဆန့်ကျင်ခဲ့ကာ အခြားနေရာသို့ပြောင်းရွှေ့ပေးရန်ငြင်းဆန်ခဲ့သည်။
- **ဖေဖော်ဝါရီ ၁၇** - ရေကာတာသုံးခုအပါအဝင် အခြေခံအဆောက်အအုံစီမံကိန်းများအတွက် မြေဧက ၁၀၀၀၀ ခန့်သိမ်းယူထားသည့်အတွက် လျော်ကြေးပေးပါရန် ပဲခူးတိုင်း၊ ဖြူးမြို့နယ်မှလယ်သမားများက အစိုးရအာဏာပိုင်များအားတောင်းဆိုလိုက်သည်။
- **ဖေဖော်ဝါရီ ၂၅** - ယခုလစောစောပိုင်းက ဒေသခံအာဏာပိုင်များအား နောက်ယှက်တားဆီး၍ဟုဆိုကာ ရှမ်းပြည်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ် အင်ကြင်းကုန်းနှင့်ကန်ပဲ့ရွာတို့မှရွာသား ၇ ဦးအားရဲများကတရားစွဲဆိုခဲ့သည်ဟု သတင်းရရှိသည်။ ဟော်တယ်ဇုံစီမံကိန်းအတွက် လမ်းဖောက်လုပ်ရန်သူတို့၏မြေများသိမ်းယူခံခဲ့ရခြင်းအတွက် လုံလောက်သောလျော်ကြေးများပေးပါရန် ထို ၇ ဦးကတောင်းဆိုဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။
- **ဖေဖော်ဝါရီ ၂၆** - ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်မှရဲများ၏ ပစ်ခတ်မှုကြောင့် အာဏာပိုင်များကလျော်ကြေးမပေးပဲသိမ်းယူထားသောမြေဧက ၁၀၀၀၀ ခန့်ကိုပြန်လည်ရရှိရန်ကြိုးစားခဲ့သော ရွာသားရာပေါင်းများစွာတို့အနက်မှ လယ်သမား ၁၇ ဦးဒါဏ်ရာရရှိခဲ့သည်။

**မုံရွာကြေးနီမိုင်းအားဆန့်ကျင်မှုများတိုးပွားလာနေ**

စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်မှရွာသားများသည် မုံရွာကြေးနီမိုင်းအားဆန့်ကျင်မှုကိုဆက်လက်ပြသခဲ့ကြသည်။

- **ဖေဖော်ဝါရီ ၁၃** - ရွာသားရာပေါင်းများစွာတို့သည် မုံရွာကြေးနီမိုင်းအနီးတွင်စုရုံးကြကာ ထိုစီမံကိန်းကိုလုံးဝရပ်တန့်ရန်တောင်းဆိုခဲ့ကြသည်။
- **ဖေဖော်ဝါရီ ၁၇** - စီမံကိန်းအားရပ်တန့်ရန်နှင့် နိုဝင်ဘာ ၂၉ ရက်နေ့က ငြိမ်းချမ်းစွာဆန္ဒပြနေသူများအပေါ် အကြမ်းဖက်ဖြိုခွဲခဲ့မှုတွင်တာဝန်ရှိသူများအား အစိုးရအာဏာပိုင်များမှဖော်ထုတ်ပေးရန်တို့အတွက်တောင်းဆိုနိုင်ရန်

မုံရွာကြေးနီမိုင်းစီမံကိန်း၏ဒါဏ်ကိုခံရသော ကျေးရွာ ၂၆ ရွာအနက် ၁၉ ရွာမှရွာသားများသည် စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်တွင်စုရုံးခဲ့ကြသည်။

- **ဖေဖော်ဝါရီ ၁၈** - မုံရွာကြေးနီမိုင်းစီမံကိန်းကိုရပ်တန့်ရန်အတွက် အစိုးရအာဏာပိုင်များအား UN မှတိုက်တွန်းရန်တောင်းဆိုသည့် လက်မှတ်ရေးထိုးတောင်းဆိုလှုပ်ရှားမှုကို စတင်လုပ်ဆောင်နေပြီဟု စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်မှတက်ကြွလှုပ်ရှားသူများက ပြောကြားလိုက်သည်။

တချိန်တည်းတွင်ပင် အစိုးရမှခန့်အပ်ထားသော မုံရွာကြေးနီမိုင်းကိစ္စကိုစုံစမ်းစစ်ဆေးရေးကော်မရှင်သည် နောက်ဆုံးရက်သတ်မှတ်ထားသော ဇန်နဝါရီလ ၃၁ ရက်နေ့တွင်သမ္မတဦးသိန်းစိန်အား ၎င်းတို့၏တွေ့ရှိချက်များကိုတင်ပြနိုင်ခြင်း မရှိခဲ့ပေ။ ဖေဖော်ဝါရီလ ၂၈ ရက်တွင် မုံရွာကြေးနီမိုင်းဒါဏ်ခံစားရသော ကျေးရွာများမှကိုယ်စားလှယ် ၂၆ ဦးတို့သည် ကော်မရှင်မှအစီရင်ခံစာထုတ်ရန်နောက်ကျခဲ့မှုအပေါ်ဆန့်ကျင်သည့်အနေဖြင့် ၁၂ နာရီကြာအစာငတ်ခံဆန္ဒပြမှုကိုပြုလုပ်ခဲ့သည်။

ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် အထက်မြန်မာနိုင်ငံရှေ့နေများကွန်ယက်နှင့် အမေရိကန်အခြေစိုက် Justice Trust (တရားမျှတခြင်းယုံကြည်မှု) တို့ကအစိုးရ၏နိဝင်ဘာ ၂၉ ဖြိုခွဲခဲ့မှုနှင့် မုံရွာကြေးနီမိုင်းအပေါ်ပြုလုပ်ထားသော ၎င်းတို့၏ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုအစီရင်ခံစာတစောင်ကိုထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာက ကြေးနီစီမံကိန်းကိုချဲ့ထွင်နိုင်ရန်အတွက် ရွာသားများ၏မြေများကိုသိမ်းယူနိုင်ရန် အစိုးရအရာရှိများသည် ရွာသားများအားလှည့်ဖျားခြင်း၊ ခြိမ်းခြောက်ခြင်းများပြု၍ စာချုပ်များကိုလက်မှတ်ထိုးစေခဲ့သည်ကို တွေ့ရှိရသည်ဟု ဖော်ပြထားသည်။ ဖြိုခွဲခဲ့ခြင်းနှင့် ပတ်သက်၍ အစီရင်ခံစာကရွာသားနှင့်ဘုန်းတော်ကြီး ၁၀၀ ကျော်ကိုဒါဏ်ရာရရှိစေခဲ့သည့် ဖော့စ်ဖရပ်အဖြူရောင်ဗုံးများအသုံးပြုခဲ့ခြင်းအပါအဝင် ဆန္ဒပြသူများအပေါ်အစိုးရအာဏာပိုင်များက အင်အားအလွန်အကျွံအသုံးပြုခဲ့သည်ဟုဆိုသည်။

## လူ့အခွင့်အရေးဆိုင်ရာ

### UN က "ထင်ရှားသောလူ့အခွင့်အရေးဆိုင်ရာချို့ယွင်းချက်များ" ကိုမီးမောင်းထိုးပြ

ဖေဖော်ဝါရီလ ၁၀ ရက် ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် သောမတ်စ်အိုဂျေကွင်တားနားသည် သူ၏ ၆ ရက်တာခရီးစဉ်အတွက်မြန်မာနိုင်ငံသို့ရောက်ရှိလာသည်။ အိုဂျေကွင်တားနားသည်နေပြည်တော်တွင် အမတ်များ၊ အစိုးရအရာရှိတော်တော်များများနှင့်တွေ့ဆုံခဲ့သည်။ ရန်ကုန်၌ အင်းစိန်အကျဉ်းထောင်မှနိုင်ငံရေးအကျဉ်းသား ၅ ဦး၊ အစိုးရ၏လူ့အခွင့်အရေးကော်မရှင်မှအဖွဲ့ဝင်များ၊ လူထုအဖွဲ့အစည်းများ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များအပါအဝင် တက်ကြွလှုပ်ရှားသူများနှင့်နိုင်ငံရေးသမားများအားတွေ့ဆုံခဲ့သည်။ သူသည်ရခိုင်ပြည်နယ်နှင့်ကချင်ပြည်နယ်တို့သို့လည်း သွားရောက်ခဲ့ကာ ထိုနေရာများမှ အကျဉ်းထောင်များ၊ ဒုက္ခသည်စခန်းများသို့လည်း သွားရောက်ခဲ့သည်။

သူ၏ခရီးစဉ်အပြီး ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် အိုဂျေကွင်တားနားသည်ကြေငြာချက်တစောင်ထုတ်ပြန်ခဲ့ကာ ထိုကြေငြာချက်တွင် ကိုင်တွယ်ဖြေရှင်းခြင်းမရှိသေးသော "ထင်ရှားသည့် လူ့အခွင့်အရေးဆိုင်ရာ ချို့ယွင်းချက်များ" ရှိနေသေးသည်ဟုဖော်ပြထားသည်။ ရခိုင်ပြည်နယ်မှအခြေအနေများအပြင် [အထက်မှ "*အစိုးရ၏ ရိုဟင်ဂျာများအပေါ် ဆက်ဆံရေးအား အိုဂျေကွင်တားနားက ပြင်းထန်စွာဝေဖန်လိုက်သည်*" ကိုကြည့်ပါ။] အိုဂျေကွင်တားနားသည် အောက်ပါကိစ္စများအပေါ်တွင်လည်း စိုးရိမ်ကြောင်းဖော်ပြခဲ့သည်။

- ထောင်များအတွင်းတွင်ကျန်ရှိနေသေးသည့် အရေးပါသောအရေအတွက်ရှိ နိုင်ငံရေးအကျဉ်းသားများနှင့် အချုပ်ခန်းများအတွင်းမှ တည်ရှိနေဆဲညှင်းပန်းနှိပ်စက်မှုများ။

- ကချင်ပြည်နယ်တွင် စစ်တပ်လွှမ်းမိုးမှုရအောင်လုပ်ဆောင်နေမှုများနှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့်အဆက်အသွယ်ရှိသည်ဟုစွပ်စွဲကာ ကချင်လူမျိုးများအားအစိုးရတပ်များမှ စိတ်ထင်သလိုဖမ်းဆီးနိပ်စက်နေဆဲ လုပ်ရပ်များ။
- ကချင်ပြည်နယ်သို့ လူသားချင်းစာနာသည့်အကူအညီများ ရောက်ရှိနိုင်မှုအား အစိုးရ၏အုပ်ချုပ်ရေးနှင့်နိုင်ငံရေးအရ အတားအဆီးများ။
- တရားစီရင်ရေးအာဏာသည် အုပ်ချုပ်ရေးအာဏာမှ သီးခြားလွတ်လပ်မှုမရှိခြင်း။
- မတရားအသင်းဥပဒေနှင့် နိုင်ငံတော်ကာကွယ်ရေးဥပဒေတို့ကဲ့သို့ တရားဝင်နေဆဲဖိနှိပ်သည့်ဥပဒေများ။
- အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီမှုမရှိသော စုရုံးခွင့်နှင့်ပတ်သက်သည့် ဥပဒေပြုမှု။
- တရားဥပဒေစိုးမိုးမှုနှင့်အခြေခံလူ့အခွင့်အရေးများကို လေးစားလိုက်နာမှုမရှိသော ဖွဲ့စည်းပုံဆိုင်ရာပြဌာန်းချက်များ။
- မြေယာသိမ်းဆည်းမှုများ၊ အတင်းအကြပ်မောင်းနှင်ထုတ်ခြင်းများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများ ဖြစ်ပေါ်ခြင်းအားဖြင့် လူ့အခွင့်အရေးအခြေအနေကိုအန္တရာယ်ရှိစွာသက်ရောက်စေသည့် ဖွံ့ဖြိုးမှုစီမံကိန်းများ။

အိုဂျေကွင်တားနားသည် အနာဂတ်လူ့အခွင့်အရေးချိုးဖောက်မှုများအား ကာကွယ်ရန်နှင့်အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်တို့အတွက်အရေးကြီးသည့် လွှတ်တော်နှင့်သက်ဆိုင်သော "အမှန်တရားဖော်ထုတ်ရေးကော်မရှင်" ကိုဖွဲ့စည်းပေးပါရန် သူ၏တောင်းဆိုချက်ကို ထပ်မံတောင်းဆိုလိုက်သည်။

**နိုင်ငံရေးအကျဉ်းသားများပြန်လည်စိစစ်ရေးကော်မတီကိုဖွဲ့စည်း**

ကျန်ရှိနေသောနိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးနိုင်ရန်အတွက် သူတို့၏အမှုဖြစ်စဉ်များအားပြန်လည်စိစစ်ရန် တာဝန်ပေးထားသည့် ကော်မတီတခုကိုဖွဲ့စည်းလိုက်ကြောင်း အစိုးရကဖေဖော်ဝါရီလ ၇ ရက်နေ့တွင်ကြေငြာခဲ့သည်။ သမ္မတရုံးဝန်ကြီးဦးစိုးသိမ်းဦးဆောင်သည့် ထိုကော်မတီတွင်အစိုးရအရာရှိများ၊ နိုင်ငံရေးပါတီအဖွဲ့ဝင်များနှင့် "နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်း (AAPP)၊ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့တို့ကဲ့သို့ လူထုအဖွဲ့အစည်းများမှကိုယ်စားလှယ်များပါဝင်ပါသည်။ ကော်မတီသည် ၎င်း၏ပထမဆုံးအစည်းအဝေးကို ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ရန်ကုန်၌ပြုလုပ်ခဲ့သည်။

## နိုင်ငံတကာဆက်ဆံရေး

---

**ကချင်ပြည်နယ်သို့နမ်ဗီးယားသွားရောက်၊ လူသားချင်းစာနာသည့်အကူအညီများပံ့ပိုးနိုင်ရေး တောင်းဆို**

ဖေဖော်ဝါရီ ၆ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေး ဗီဂျေနမ်ဗီးယားသည်သူ၏ ၄ ရက်တာမြန်မာနိုင်ငံခရီးစဉ်ကိုအဆုံးသတ်ခဲ့သည်။ သူ၏ခရီးစဉ်အတွင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဒုက္ခသည်စခန်းလေးခုသို့ သွားရောက်လေ့လာခဲ့သည်။ သူသည်ကချင်ပြည်နယ်ရှိအခြေအနေများကို အစိုးရအရာရှိများ၊ လူထုအဖွဲ့အစည်းများမှအဖွဲ့ဝင်များနှင့်တွေ့ဆုံဆွေးနွေးခဲ့ကာ ဒုက္ခသည်စခန်းများသို့ UN နှင့်အခြားအဖွဲ့များမှ လူသားချင်းစာနာသောအထောက်အကူများ ပေးပို့ကူညီခွင့်ပြုပါရန်အစိုးရအား တိုက်တွန်းပြောကြားခဲ့သည်။ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် နမ်ဗီးယားသည်ကြေငြာချက်တစောင်ထုတ်ပြန်ကာ ကချင်ပြည်နယ်မှဒုက္ခသည်များထံ UN နှင့်နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီပေးမှုများပြန်လည်စတင်နိုင်ရန် အစိုးရ၏အာမခံခဲ့မှုကို ကြိုဆိုကြောင်းဖော်ပြထားသည်။

## ထားဝယ်စီမံကိန်း - ရင်းနှီးမြှုပ်နှံသူများ၏ သတိထားရှိမှု၊ ရွာသားများရွှေ့ပြောင်းခံရမှု

ဖေဖော်ဝါရီလတွင် တနင်္သာရီတိုင်း၊ ထားဝယ်စီမံကိန်းနှင့်ပတ်သက်၍ သံသယများပေါ်ထွက်လာခဲ့သည်။ ဂျပန်မှ ထားဝယ်တွင်ရင်းနှီးမြှုပ်နှံရန်စိတ်ဆန္ဒကောင်းစွာမရှိခြင်း၊ စီမံကိန်းနှင့်ပတ်သက်သော ရှုထောင့်တော်တော်များများတွင် ဂျပန်နှင့်ထိုင်းတို့အကြား သဘောထားကွဲလွဲမှုများရှိနေခြင်းတို့အပါအဝင် အချက်တော်တော်များများတို့ကြောင့် ထားဝယ် စီမံကိန်းသည်ရပ်တန့်နေရခြင်းဖြစ်ကြောင်း ထိုင်းပို့ဆောင်ရေးဝန်ကြီး Chadchart Sittipunt က ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင်ပြောကြားလိုက်သည်။ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ခန့်မှန်းထားသောသယ်ယူပို့ဆောင်ရေး အရှယ် အစားပမာဏနှင့် တိုးချဲ့မည့်ရင်းနှီးမြှုပ်နှံမှုမှာ သင့်တော်ကိုက်ညီမှုမရှိသည့်အတွက် ထားဝယ် ရေနက်ဆိပ်ကမ်းနှင့် ထိုင်းနိုင်ငံကန်ချနဘူရီခရိုင်တို့ကိုဆက်သွယ်ပေးမည့် လမ်းချဲ့ထွင်ခြင်းစီမံကိန်းအား ရွှေ့ဆိုင်းလိုက်သည်ဟု ထိုင်းနိုင်ငံ သယ်ယူပို့ဆောင်ရေးနှင့်ယဉ်သွားလာရေး မူဝါဒနှင့်စီမံကိန်းရေးဆွဲရေး (OTP) ရုံးမှ ပြောကြားလိုက်သည်ဟု သတင်းများရရှိသည်။

ထားဝယ်စီမံကိန်း၏အနာဂတ်အပေါ် မသေချာမှုများအားမကာကွယ်နိုင်စဉ်မှာပင် ၎င်း၏ဖွံ့ဖြိုးလာမှုက ဒေသခံလူထု အပေါ် အနုတ်လက္ခဏာဆောင်သောသက်ရောက်မှုများ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။

- **ဖေဖော်ဝါရီ ၁၉** - ထားဝယ်ရေနက်ဆိပ်ကမ်းအတွက် လမ်းများဖောက်လုပ်ရန် တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်၊ ချကမ်းကျေးရွာမှ နေအိမ်များအား အီတာလျံ-ထိုင်းဖွံ့ဖြိုးရေးကုမ္ပဏီ (ITD) မှဇန်နဝါရီလကုန်ပိုင်းက ဘူဒိုဇာများဖြင့် စတင်ထိုးဖျက်နေပြီဟုသတင်းများရရှိသည်။
- **ဖေဖော်ဝါရီ ၂၁** - အစိုးရက တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်၊ မူဒိုကျေးရွာတွင်နေထိုင်သူများအား ထားဝယ် ရေနက်ဆိပ်ကမ်းအတွက် လမ်းများဖောက်လုပ်ရန်အတွက် သူတို့၏နေအိမ်များအား ဧပြီလလယ်တွင်အပြီးပြောင်းရွှေ့ ပေးရန် အစိုးရအာဏာပိုင်များက အမိန့်ပေးထားသည်။

အထက်ပါဖြစ်ရပ်နှစ်ခုလုံးတွင် နေအိမ်၊ မြေကွက်များဆုံးရှုံးလိုက်ရသည့်အတွက် ITD ကုမ္ပဏီထံမှ လုံလောက် သောလျော်ကြေးမရရှိခဲ့ပါဟု ရွာသားများကပြောကြားခဲ့သည်။

## မြန်မာ့ငွေကြေးကဏ္ဍသည် အမည်မဲစာရင်းတွင်ရှိနေဆဲ

မြန်မာနိုင်ငံငွေကြေးကဏ္ဍ၏ ပွင့်လင်းမြင်သာမှုအပေါ်စိုးရိမ်မှုများရှိနေဆဲတွင် နာမည်ဆိုးဖြင့်အကျော်ကြားဆုံးသော ခရိုနီကြီးများပိုင်ဆိုင်သည့် ဘဏ်နှစ်ခုကို အမေရိကန်က ကန့်သတ်မှုများလျှော့ချပေးလိုက်သည်။

ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် အမေရိကန်ဘဏ္ဍာရေးဌာနက အမေရိကန် ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူများအား မြန်မာပြည်မှဘဏ်လေးခုနှင့်စီးပွားရေးလုပ်ကိုင်ရန် ခွင့်ပြုပေးလိုက်သည်။ ထိုအထဲမှ ၂ ခုမှာအစိုးရပိုင် (မြန်မာစီးပွားရေး ဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်ရေးဘဏ်) တို့ဖြစ်ပြီးကျန်နှစ်ခုမှာ အစိုးရ၏ခရိုနီဦးဇော်ဇော်နှင့်ဦးတေဇတို့ ပိုင်သောဘဏ်နှစ်ခု (အာရှစိမ်းလန်းမှုဘဏ် နှင့် ဧရာဝတီဘဏ်) တို့ဖြစ်သည်။ ကန့်သတ်မှုများလျှော့ချပေးခဲ့ သော်လည်း ထိုဘဏ် ၄ ခုလုံးမှာအမေရိကန်ဘဏ္ဍာရေးဌာန၏ အထူးသတ်မှတ်ထားသောနိုင်ငံသားများ (SDN) စာရင်းထဲတွင်ပါရှိနေဆဲဖြစ်ပါသည်။

အမေရိကန်က မြန်မာနိုင်ငံဘဏ်များ၏ပြုပြင်ပြောင်းလဲမှုများအတွက် အကောင်းမြင်ပြခဲ့သော်လည်း မြန်မာနိုင်ငံ ၏ငွေကြေးကဏ္ဍသည် နိုင်ငံတကာငွေကြေးစနစ်အားအန္တရာယ်ရှိစေနိုင်သော အလားအလာများကိုမြင်တွေ့နေ ရဆဲဖြစ်ပါသည်။ အကြမ်းဖက်မှုများအားငွေကြေးထောက်ပံ့ခြင်းနှင့် ငွေကြေးခဝါချခြင်းများကို ဆန့်ကျင်တိုက် ဖျက်ရာတွင် လုံလောက်သောတိုးတက်မှုမရှိသည့် **၁၃** နိုင်ငံစာရင်းတွင်မြန်မာနိုင်ငံပါဝင်နေဆဲဖြစ်ကြောင်း ပါရီအခြေစိုက်ငွေကြေး

ဆိုင်ရာလုပ်ရှားမှုလုပ်ငန်းအဖွဲ့ (FATF) ကဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင်အစီရင်ခံခဲ့သည်။ အကြမ်းဖက်သမားများအား ငွေကြေးထောက်ပံ့မှုကို ရာဇဝတ်မှုများဖြစ်ကြောင်းလုံလောက်စွာသတ်မှတ်နိုင်ရန် အတွက်လိုအပ်သောဥပဒေ၊ မူဝါဒ အခြေခံများတည်ဆောက်ရန်နှင့် ငွေကြေးဆိုင်ရာပွင့်လင်းမြင်သာမှုကို ပိုမိုတိုးမြှင့်ရန် အစိုးရအား FATF ကတောင်းဆို လိုက်ပါသည်။

## ဖေဖော်ဝါရီလအတွင်း အခြားမြန်မာနိုင်ငံဆိုင်ရာသတင်းများ

| | |
|---|---|
| ၁ | တောင်ကိုရီးယားနိုင်ငံ ဆိုးလ်အမျိုးသားတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကို ဒေါ်အောင်ဆန်းစုကြည်မှ လက်ခံရရှိခဲ့သည်။ |
| ၁ | ဟာဝိုင်အီနှင့်တောင်ကိုရီးယားတို့ပါဝင်သည့် ၉ ရက်တာနိုင်ငံခြားခရီးစဉ်အပြီးတွင် ရန်ကုန်မြို့သို့ဒေါ်အောင် ဆန်းစုကြည်ပြန်လည်ရောက်ရှိလာသည်။ |
| ၂ | မြဝတီတွင် အထူးစီးပွားရေးဇုံ (SEZ) တည်ဆောက်ရန်အဆိုပြုထားသောကိစ္စ၊ ဒုက္ခသည်များပြန်ပို့ရေးကိစ္စနှင့် လွှတ်တော်ကိစ္စများဆွေးနွေးရန်အတွက် မြဝတီမှအစည်းအဝေးသို့ အစိုးရ၊ နယ်ခြားစောင့်တပ် (BGF)၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ၊ အစိုးရစစ်တပ်၊ DKBA နှင့် NKU ကိုယ်စားလှယ်များအပါအဝင် လူ ၃၀ ကျော်တက်ရောက်ခဲ့ကြသည်။ |
| ၃ | အစိုးရဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဦးဝင်းရှိန်က နေပြည်တော်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာသို့ပေးဆပ်ရန် အကြွေးအမေရိကန်ဒေါ်လာ ၉.၆ ဘီလီယံတင်ရှိနေသေးသည် ဟုပြောကြားခဲ့သည်။ |
| ၃ | မြန်မာနိုင်ငံမှတိုင်းရင်းသားအမျိုးသမီးအဖွဲ့ ၁၁ ဖွဲ့က ကချင်အမျိုးသမီးများကိုလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခဲ့သည့်အတွက်အစိုးရအား ရှုံ့ချသည့်ပူးတွဲကြေငြာချက်တစောင်ကိုထုတ်ပြန်ခဲ့ကာ ငြိမ်းချမ်းရေးလုပ် ငန်းစဉ်တွင်တိုင်းရင်းသားအမျိုးသမီးများပါဝင်စေရန် နှင့် အရပ်သားများအထူးသဖြင့်အမျိုးသမီးနှင့်ကလေး များကိုဦးစားပေးကာကွယ်ပေးရန် အစိုးရအားတောင်းဆိုလိုက်သည်။ |
| ၄ | ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်မှအစိုးရအာဏာပိုင်များက ည ၈ နာရီမှမနက် ၆ နာရီညမထွက်ရအမိန့်ကို ည ၁၀ နာရီမှမနက် ၆ နာရီသို့လျှော့ချပေးလိုက်သည်။ |
| ၅ | လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်းကဲ့သို့သော စီမံကိန်းများလုပ်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံအားအတိုးမဲ့ ချေးငွေအမေရိကန်ဒေါ်လာ ၁၆၅ သန်းထုတ်ချေးမည်ဟု ကမ္ဘာ့ဘဏ်၏ နိုင်ငံတကာငွေကြေးကော်ပိုရေးရှင်းက ကြေငြာခဲ့သည်။ |
| ၅ | ၆ ရက်တာမြန်မာနိုင်ငံခရီးစဉ်အပြီးတွင် IMF ကကြေငြာချက်တစောင်ထုတ်ပြန်ခဲ့ကာ ထိုကြေငြာချက်တွင် မြန်မာနိုင်ငံတွင်အားလုံးပါဝင်သောအရှည်သဖြင့်တည်တံ့သည့် ဖွံ့ဖြိုးမှုရှိစေရန်နောက်ထပ်မူဝါဒဆိုင်ရာပြုပြင် ပြောင်းလဲမှုများမရှိမဖြစ်လိုအပ်ပါသည်ဟု ပြောကြားလိုက်သည်။ |
| ၆ | အစိုးရနိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံနှင့် EU အကြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကိစ္စများကိုဆွေးနွေးနိုင်ရန်အတွက် EU နိုင်ငံခြားရေးနှင့်လုံခြုံရေးမူဝါဒဆိုင်ရာအဆင့်မြင့်ကိုယ်စားလှယ် Catherine Ashton နှင့် ဘရပ်ဆဲလ် တွင်တွေ့ဆုံခဲ့သည်။ |
| ၇ | မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်မှတက်ကြွလှုပ်ရှားသူတစုသည် ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ လိုင်ဇာရှိ KIO ဌာနချုပ်သို့ ကီလိုမီတာ ၆၅၀ ဝေးသောငြိမ်းချမ်းရေးလမ်းလျှောက်မှုကိုစတင်လိုက်သည်။ |
| ၇ | UK သည်၎င်း၏နိုင်ငံတကာကာကွယ်ရေးဆက်စပ်မှုမဟာဗျူဟာကို ကြေငြာလိုက်ကာ ထိုအထဲတွင်မြန်မာနိုင် ငံ UK သံရုံး၌ စစ်ဘက်ရေးရာဌာနတခုနှင့် စစ်သံမှူးတဦးထားရှိရန်လည်းပါဝင်ပါသည်။ |
| ၈ | ADB ဥက္ကဌ Haruhiku Karuda ကမြန်မာနိုင်ငံပညာရေး၊ မြို့ပြဖွံ့ဖြိုးရေး၊ အခြေခံအဆောက်အအုံနှင့် လူထု ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် အမေရိကန်ဒေါ်လာသန်း ၅၀ ကိုရံပုံငွေအဖြစ်မတည်လိုက်သည်ဟု ကြေငြာ လိုက်သည်။ |
| ၈ | ဒေါက်တာဆိတ်ဖွားဟူသော နာမည်ဝှက်နှင့်လူသိများသည့် အွန်လိုင်းတက်ကြွလှုပ်ရှားသူဘလော့ဂါတဦးအား စုံစမ်းဖော်ထုတ်ရန်အတွက် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဌဦးမြငြိမ်းဦးဆောင်သော အဖွဲ့ဝင် ၁၇ ဦးပါ ကော်မတီတခုကို အမျိုးသားလွှတ်တော်ကဖွဲ့စည်းပေးလိုက်သည်။ |

| | |
|---|---|
| ၁၀ | ကချင်ပြည်နယ်၊ မိုးညှင်းရှိကချင်ဒေသခံ ၁၀၀၀ ခန့်နှင့်တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းက ဖားကန့်နှင့်မိုးကောင်းမြို့နယ်တို့တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန်အတွက် အချိန်မသင့်တော်သေးပါဟုပြောကြားခဲ့သည်။ |
| ၁၁ | အစိုးရသတ္တုတွင်းဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၁၈ ရက်မှမတ်လ ၁၉ ရက်အတွင်းတွင်ကျောက်မျက်မိုင်းလုပ်ကိုင်ခွင့်အတွက်လျှောက်လွှာများတင်နိုင်ကြောင်းကြေငြာခဲ့ကာ ကျောက်မျက်မိုင်းလုပ်ကွက်တခုအတွက် ကျပ်တသန်း (အမေရိကန်ဒေါ်လာ ၁၁၆၇) သတ်မှတ်မည်ဟုဆိုသည်။ |
| ၁၁ | ဂူဂယ်မှ "အစိုးရအထောက်အပံ့ပေးထားသည့်တိုက်ခိုက်သူများ" ၏ပစ်မှတ်ဖြစ်နေနိုင်သည်ဟု သတိပေးထားသော နိုင်ငံခြားနှင့်ဒေသတွင်းမီဒီယာများအတွက် အလုပ်လုပ်နေသည့်စာနယ်ဇင်းသမားများ၏ အီးမေးလ်အကောင့်များကိုခိုးဝင် (hack) နိုင်ရန်ကြိုးပမ်းနိုင်ဖွယ်ရှိမှု၏ နောက်ကွယ်တွင်နေပြည်တော်အစိုးရရှိနေသည်ဆိုခြင်းကို သမ္မတဦးသိန်းစိန်၏ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွတ်ကငြင်းဆန်လိုက်သည်။ |
| ၁၁ | တပ်မတော်အရာရှိ ၂ ဦးတို့သည် အမေရိကန်ဦးဆောင်သော ထိုင်းနိုင်ငံတွင်ပြုလုပ်သည့် ရွှေမြွေဟောက်စစ်ရေးလေ့ကျင့်မှုကို တက်ရောက်ခဲ့သည်။ |
| ၁၁ | UK နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိတ်က အစိုးရနိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်နှင့် လန်ဒန်တွင်တွေ့ဆုံစဉ်တွင် ရိုဟင်ဂျာများအတွက်နိုင်ငံသားအဆင့်ကို "အလျင်အမြန်ဖြေရှင်းချက်တခု" ပြုလုပ်ပေးရန်တောင်းဆိုလိုက်သည်။ |
| ၁၂ | NLD အဖွဲ့ဝင်များသို့ပေးပို့သော ပြည်ထောင်စုနေ့ဗွီဒီယိုသတင်းစကားထဲတွင် ဒေါ်အောင်ဆန်းစုကြည်က ကချင်ပြည်နယ်မှပဋိပက္ခအဆုံးသတ်သွားစေရန် သူမအနေနှင့်ကူညီညှိနှိုင်းပေးရန်ဆန္ဒရှိပါကြောင်း ပြောကြားခဲ့သည်။ |
| ၁၂ | ညီညွတ်သောတိုင်းရင်းသားလူမျိုးများတပ်ပေါင်းစုက လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားအုပ်စုများအတွက်လက်ခံနိုင်ဖွယ်မရှိပဲ စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်ကြိုးပမ်းသည့်အနေဖြင့် အားလုံးပါဝင်သောညီလာခံတခုကို ကျင်းပသင့်သည်ဟု ပြောကြားလိုက်သည်။ |
| ၁၂ | သမ္မတဦးသိန်းစိန်သည် အမျိုးသားစည်းလုံးညီညွတ်ရေးကို အားကောင်းလာစေရန် ဆွေးနွေးရန်အတွက်ပြည်နယ်နှင့်တိုင်းများမှ လူမျိုးစုဝန်ကြီး ၂၂ ဦးနှင့်နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။ |
| ၁၂ | UN အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက မြန်မာနိုင်ငံအပါအဝင်ကမ္ဘာအနှံ့ရှိ ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် အရပ်သားများ၏အသက်နှင့်ဂုဏ်သိက္ခာအတွက် လက်မခံနိုင်ဖွယ်ခြိမ်းခြောက်မှုများရှိနေဆဲဖြစ်သည်ဟုပြောကြားလိုက်သည်။ |
| ၁၂ | အိန္ဒိယအောက်လွှတ်တော်ဥက္ကဋ္ဌ Meira Kumar ဦးဆောင်သောလွှတ်တော်အဖွဲ့သည် မြန်မာနိုင်ငံ ၄ ရက်တာခရီးစဉ်အတွက်ရန်ကုန်သို့ရောက်ရှိလာသည်။ |
| ၁၂ | ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ်မှမြေမြုပ်မိုင်းပေါက်ကွဲမှုသည် အစိုးရစစ်တပ် ခမရ ၄ မှစစ်ကားတစီးကိုထိခဲ့ကာ တပ်သား ၂ ဦးသေဆုံးခဲ့သည်။ |
| ၁၂ | ပြည်ထောင်စုနေ့သဝဏ်လွှာတွင် သမ္မတဦးသိန်းစိန်က မြန်မာနိုင်ငံသည် ဆက်လက်တည်တံ့ခိုင်မြဲနေစေရန်အတွက်ပိုမိုတောင့်တင်းသော နိုင်ငံရေး၊ စီးပွားရေးနှင့်ကာကွယ်ရေးအင်အားများရှိရန် လိုအပ်သည်ဟုပြောကြားခဲ့သည်။ |
| ၁၂ | သမ္မတဦးသိန်းစိန်သည် နေပြည်တော်တွင် KNU, SSA-N, SSA-S, KNLA, DKBA, PNLO, MNSP, NSCN, နှင့် CNF တို့မှကိုယ်စားလှယ်များအတွက် ပြည်ထောင်စုနေ့ညစာစားပွဲကို တည်ခင်းဧည့်ခံခဲ့သည်။ |
| ၁၃ | မြန်မာနိုင်ငံ နိုင်ငံတော်ဆက်သွယ်ရေးလိုင်စင်များအတွက် လုပ်ကိုင်ရန်စိတ်ဝင်စားမှုဖော်ပြချက်များ တင်သွင်းခဲ့သည့်ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီ ၉၁ ခုရှိပြီဟုအစိုးရကကြေငြာခဲ့သည်။ |
| ၁၅ | ၂၀၁၁ ခုနှစ် ဇွန်လပဋိပက္ခများစတင်ကတည်းက ကချင်ပြည်နယ်တွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်း ၆၆ ခုကိုအစိုးရတပ်များက ဖျက်စီးခဲ့သည်ဟု ကချင်အမျိုးသမီးအဖွဲ့ (ထိုင်းနိုင်ငံ) ကပြောကြားလိုက်သည်။ |
| ၁၅ | မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်၏သက်တမ်းကို ထပ်တိုးပေးရန် UN လူ့အခွင့်အရေးကောင်စီသို့တောင်းဆိုထားမှုကို ထောက်ခံပါရန်အင်ဒိုနီးရှားနှင့်အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများအား AIPMC မှတောင်းဆိုလိုက်သည်။ |
| ၁၅ | ရန်ကုန်ရှိအစိုးရနှင့်စစ်တပ်အဆင့်မြင့်အရာရှိများနှင့် UNICEF ကိုယ်စားလှယ်များတက်ရောက်ခဲ့သော အခမ်း |

| | |
|---|---|
| | အနားတခုတွင် ကလေးစစ်သား ၂၄ ဦးကိုအစိုးရကပြန်လွှတ်ပေးခဲ့သည်။ |
| ၁၆ | လွှတ်တော်အတွင်းရေးမှူး Deepak Obhrai ဦးဆောင်သောကနေဒါအမတ်များအဖွဲ့တဖွဲ့သည် ၆ ရက်တာခရီးစဉ်အတွက်ရန်ကုန်သို့ရောက်ရှိလာခဲ့သည်။ |
| ၁၇ | ဗုဒ္ဓဘာသာရာပေါင်းများစွာတို့သည် ရန်ကုန် သာကေတမြို့နယ်မှအစ္စလာမ်ဘာသာရေးကျောင်းတခုအား အဆောက်အဦးကို ဗလီအဖြစ်ပြောင်းလဲသည်ဟု ယူဆကာ တိုက်ခိုက်ခဲ့ကြသည်။ |
| ၁၈ | အစိုးရက ရန်ကုန်တိုင်းရှိစက်မှုဇုံများအား လျှပ်စစ်ဓါတ်အားပေးဝေမှုကို တနေ့ ၅ နာရီအထိဖြတ်တောက်လျှော့ချလိုက်သည်။ |
| ၂၁ | ဩစတေးလျနိုင်ငံခြားရေးဝန်ကြီး Bob Carr ကရခိုင်ပြည်နယ်ရှိ နေထိုင်စရာ၊ သန့်ရှင်းသောရေ နှင့် မိလ္လာ၊ရေဆိုးနုတ်စနစ် တို့အတွက် ဩစတေးလျဒေါ်လာ ၁.၂၅ သန်း (အမေရိကန်ဒေါ်လာ ၁.၂၈၉ သန်း)ကိုလည်းကောင်း၊ ကချင်ပြည်နယ်တွင် သန့်ရှင်းသောရေ နှင့် မိလ္လာ၊ရေဆိုးနုတ်စနစ် တို့ရှိလာစေရေး ထောက်ပံ့ရန်အတွက် ဩစတေးလျ ဒေါ်လာ ၇ သိန်းခွဲ (အမေရိကန်ဒေါ်လာ ၇၇၃၉၃၉)ကိုလည်းကောင်း၊ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းအတွက် ငွေကြေးထောက်ပံ့ရန် ဩစတေးလျဒေါ်လာ ၅ သိန်း (အမေရိကန် ဒေါ်လာ ၅၁၅၉၅၉) ကိုလည်းကောင်းထောက်ပံ့ပေးသွားမည်ဟု ကြေငြာခဲ့သည်။ |
| ၂၁ | မူးယစ်တိုက်ဖျက်ရေးသင်တန်းများ ပူးပေါင်းဆောင်ရွက်ရန်နှင့် ၂၀၁၃ ခုနှစ်အစောပိုင်းတွင် မူးယစ်ဆေးဝါးဘိန်းထွက်ရှိမှုအား ပူးတွဲစစ်တမ်းများကောက်ယူခြင်းကို ပြန်လည်စတင်ရန် အစိုးရနှင့်အမေရိကန်အရာရှိများသည်သဘောတူညီမှုလက်မှတ်ထိုးခဲ့ကြသည်။ |
| ၂၁ | အမေရိကန်ကုမ္ပဏီ ၅၀ တို့မှကိုယ်စားလှယ်အဖွဲ့တခုသည် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို လေ့လာရန်အတွက်ရန်ကုန်သို့ လာရောက်ခဲ့ကြသည်။ |
| ၂၁ | KNU ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးမူတူးစေးဖိုးသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိစ္စ နှင့်နောက်ထပ်ဆွေးနွေးပွဲများတွင် စစ်တပ်အဆင့်မြင့်ခေါင်းဆောင်များပါဝင်ရေးတို့ကို ဆွေးနွေးနိုင်ရန်အတွက် ဒုတိယသမ္မတဦးစိုင်းမောက်ခမ်းနှင့် ကရင်ပြည်နယ် မြဝတီတွင်တွေ့ဆုံခဲ့သည်။ |
| ၂၁ | အစိုးရရှေ့နေချုပ်ဦးထွန်းရှင်နှင့် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့်အလုပ်သမားရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Michael Posner တို့သည် နေပြည်တော်အစည်းအဝေးအတွင်းတွင် တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်သောကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ |
| ၂၁ | ဩစတေးလျနိုင်ငံခြားရေးဝန်ကြီး Bob Carr က ရိုဟင်ဂျာတို့၏နိုင်ငံသားအဆင့်ကိစ္စအပါအဝင် ရခိုင်ပြည်နယ်မှရိုဟင်ဂျာမူဆလင်များနှင့် ရခိုင်ဗုဒ္ဓဘာသာများအကြား တင်းမာမှုကိုကိုင်တွယ်ဖြေရှင်းပါရန် မြန်မာအစိုးရအားတိုက်တွန်းလိုက်သည်။ |
| ၂၄ | မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်၊ နှစ်ကျပ်ခွဲကျေးရွာမှရဲများသည် ဒေသခံများနှင့်ပြဿနာဖြစ်ပွားကာ မီးပေးဝေမှုအားဝင်ရောက်နှောက်ယှက်မှုကို ဆန့်ကျင်သည့်ဆန္ဒပြပွဲအား ဦးဆောင်သည့်ဘုန်းတော်ကြီးတပါးကိုဖမ်းဆီးထိန်းသိမ်းခဲ့သည်။ |
| ၂၅ | အမေရိကန်ကုန်သည်ကြီးများအသင်းနှင့် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့သည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် နားလည်မှုစာချွန်လွှာကိုလက်မှတ်ထိုးခဲ့ကြသည်။ |
| ၂၅ | UK အန္တရာယ်ဆန်းစစ်အကဲဖြတ်မှုကုမ္ပဏီ Maplecroft ကစီးပွားရေးပိုင်ဆိုင်မှုပစ္စည်းများအားကာကွယ်ရန်လူ့အခွင့်အရေးချိုးဖောက်မှုများကျူးလွန်နေသောအစိုးရ၏လုံခြုံရေးတပ်များနှင့် ဆက်စပ်လုံးထွေးနေမှုအတွက်စီးပွားရေးလုပ်ငန်းများသည်"ပြင်းထန်သောကျော်ကြားမှုနှင့်ဆိုင်သောအန္တရာယ်ရှိမှု" နှင့်ရင်ဆိုင်နေရသည်ဟု ပြောကြားလိုက်သည်။ |
| ၂၅ | သမ္မတဦးသိန်းစိန်သည် နော်ဝေး၊ ဖင်လန်၊ ဩစထြီးယား၊ ဘယ်လဂျီယမ်နှင့်အီတလီတို့ကိုပါသွားရောက်မည့် ၁၁ ရက်တာ ဥရောပခရီးစဉ်အတွက် မြန်မာနိုင်ငံမှထွက်ခွာခဲ့သည်။ |
| ၂၅ | သမ္မတဦးသိန်းစိန်က ဖွဲ့စည်းပုံဆိုင်ရာခုံရုံးတရားသူကြီး ၉ ဦးကိုခန့်အပ်လိုက်သည်။ |
| ၂၆ | သမ္မတဦးသိန်းစိန်သည် ၃ ရက်တာနော်ဝေးခရီးစဉ်အတွက် အော်စလိုမြို့သို့ဆိုက်ရောက်လာသည်။ |
| ၂၆ | နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဘုန်းတော်ကြီးဒက်စမွန်တူးတူးသည် ဒေါ်အောင်ဆန်းစုကြည်၊ အခြားနိုင်ငံရေး |

| | |
|---|---|
| | အကျဉ်းသားဟောင်းများနှင့် ရန်ကုန်တွင်တွေ့ဆုံခဲ့ပြီး စစ်မှန်သောဒီမိုကရက်တစ်မြန်မာနိုင်ငံကို တွေ့မြင်ရန် မျှော်လင့်ပါသည်ဟု ပြောကြားခဲ့သည်။ |
| ၂၇ | လျှပ်စစ်စွမ်းအားဒုတိယဝန်ကြီးဦးမြင့်ဇော်က ကရင်ပြည်နယ်နှင့်ရှမ်းပြည်နယ်ရှိ သံလွင်မြစ်ပေါ်မှရေအားလျှပ်စစ်စီမံကိန်းအသစ် ၆ ခုကို အစိုးရကအတည်ပြုလိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ |
| ၂၈ | Eleven Media Group ကကြေငြာချက်တစောင်ထုတ်ပြန်ကာ အဆိုပြုလာသည့် စာနယ်ဇင်းဥပဒေအသစ်သည် "လွတ်လပ်စွာဖော်ပြခွင့်ကို ကန့်သတ်ဖိနှိပ်စေသည့်" အတွက် ထိုဥပဒေကိုမြန်မာနိုင်ငံရှိ စာနယ်ဇင်းအဖွဲ့များနှင့်စာနယ်ဇင်းသမားအားလုံးက ဆန့်ကျင်ကြပါရန်တောင်းဆိုထားသည်။ |

## ဖေဖော်ဝါရီလအတွင်းထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံနှင့်ပတ်သက်သည့်အစီရင်ခံစာများ

**"ကချင်တောင်တန်းများမှ နိုင်ငံတော်အကြမ်းဖက်မှု"** ကချင်အမျိုးသမီးများအဖွဲ့ (ထိုင်းနိုင်ငံ) (KWAT)
http://bit.ly/Z4uoa3

**"မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှဆက်လက်တည်ရှိနေသည့် အရေးပေါ်လူသားချင်းစာနာမှုဆိုင်ရာ အကူ အညီ"**
နယ်စည်းမခြားဆရာဝန်များ (MSF) http://bit.ly/WUxqMn

**"မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အမိပ္ပါယ်ဖော်ခြင်း - မှိုင်းမြင်းအညွှန်း"** နိုင်ငံတကာမြန်မာ့သတင်း ဌာန (BNI)
http://bit.ly/12XuHcf

**"ဖွံ့ဖြိုးမှုကွာဟချက် - မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် ဒေသတွင်းမှရင်းနှီးမြှုပ်နှံမှု"** နိုင်ငံတကာအင် စတီကျု့ (TNI) နှင့် ဘားမားစင်တာ နယ်သာလန် (BCN) http://bit.ly/UOmWBS

**"စာနယ်ဇင်းအပေါ်ထိုးနှက်မှုများ - မြန်မာနိုင်ငံ"** စာနယ်ဇင်းသမားများအားကာကွယ်ရေးကော်မတီ (CPJ)
http://bit.ly/12niGwJ

**"၂၀၁၃ ခု ဇန်နဝါရီလအတွက် မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများ၏လစဉ်သတင်းမှတ်တမ်း"**
နိုင်ငံရေးအကျဉ်းသားများကူညီ စောင့်ရှောက်ရေးအဖွဲ့ (AAPP) http://bit.ly/13rqXvx

**"ရွှေ့ပြောင်းမှုဆိုင်ရာအချက်အလက် မှတ်တမ်း ၁၈ - ၂၀၁၃ ခု ဇန်နဝါရီလ"** ရွှေ့ပြောင်းခြင်းအတွက်နိုင်ငံ တကာအဖွဲ့ (IOM)
http://bit.ly/11LWnf6

**"မြေပိုင်ရှင်များ သို့ အလုပ်သမားများ - ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်ဘာကိုရွေးချယ်မည်လဲ"** အခွင့်အရေးနှင့်အရင်းအမြစ်အစပြုမှု (PRI) http://bit.ly/WG8Z9f

**"အရေးယူခြင်းမခံရသောပစ်မှုများအား ငွေကြေးအားပေးထောက်ပံ့ခြင်းကို လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူများမှ လက်လှမ်းမမှီအောင် ကန့်သတ်ထားမှုများ"** လူ့အခွင့်အရေးကာကွယ်စောင့်ရှောက် သူများအားကာကွယ်ရန်အတွက် လေ့လာရန် http://bit.ly/Z1dPKV